မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 10, 2022 | Volume 51, Number 8

**၁၀.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၅.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၄၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ သဇင်မြေကုန်သွယ်မှုဗဟိုဌာန ကုန်သွယ်မှုသတင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီအရေအတွက် ၁၉၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ကြက်သွန်နီအရေအတွက် ၉၀ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ကြက်သွန်နီအရေအတွက် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ကြက်သွန်နီတင်ပို့နိုင်မှု ငွေပမာဏမှာ ၂၈၀၃၅ ဒေါ်လာ တင်ပို့မှု ရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၉-၁-၂၀၂၂) မှ (၄-၂-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် စမုံစပါး၊ နှမ်း၊ စစ်တုံဥ၊ မန်ကျည်းစေ့၊ အုန်းသီးခြောက်၊ ဇီးဖတ်၊ ကြက်သွန်နီ၊ မြေပဲဆံ (အခွံပါ) ၊ ဇီးယို ထုပ်၊ နနွင်းတက်၊ ကွမ်းသီး၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ငါးမြစ်ချင်း၊ ဆန်ကြာဇံနှင့် ငါးမုတ်မဲတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၅၀၀၃ ဒသမ ၆၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန**

## အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံမှာပါ မတ်ပဲနှင့်ပဲစင်းငုံဈေးတွေ ကျဆင်းလာ

ပြည်တွင်းဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံဈေးတွေဟာ နှစ်ပတ်အတွင်း တစ်တန်ကို ကျပ်တစ်သိန်းခွဲကျော်အထိ ပြန်လည်ကျဆင်းသွားတာတွေ့ရပါတယ်။ အိန္ဒိယမှာလည်း အလားတူ ကျဆင်းမှုတွေဖြစ်ပေါ်နေပါတယ်။

ပြည်တွင်းမှာ နယ်ပေါင်းစုံကထွက်ရှိတဲ့ ပဲတွေဈေးကွက်အတွင်းကို အဝင်များလာလို့ ဈေးတွေကျဆင်းလာတဲ့အခြေအနေဖြစ်ပြီး၊ မြန်မာနိုင်ငံရဲ့ အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယ နိုင်ငံမှာလည်း ပြည်တွင်း၊ ပြည်ပ အလားတူပဲအဝင်များပြီး ပဲလိုအပ်ချက်နည်းသွားတာ ကြောင့် အခုလိုဈေးတွေ ပြန်ကျဆင်းသွားတာဖြစ်နိုင်တယ်လို့ ကုန်သည်တွေက သုံးသပ် ပါတယ်။

ပြီးခဲ့တဲ့ဇန်နဝါရီလကုန်ပိုင်းက တစ်တန်ကိုကျပ် ၁၃ သိန်းခွဲကျော်ရှိခဲ့တဲ့ မတ်ပဲဈေးဟာ လက်ရှိမှာ ကျပ် ၁၂ သိန်းအောက်အထိ ကျဆင်းလာပြီး တစ်တန်ကို ကျပ် ၁၄ သိန်းကျော် ရှိခဲ့တဲ့ပဲစင်းငုံဈေးကလည်း မနေ့က ကျပ် ၁၃ သိန်းအောက်ကို ကျဆင်းသွားခဲ့ပါတယ်။ လက်ရှိပေါက်ဈေးတွေက အရင်နှစ်တွေနဲ့ယှဉ်ရင် အမြင့်ဈေးဖြစ်နေပေမဲ့ သွင်းအားစု စရိတ်တွေနဲ့ အထွေထွေကုန်ဈေးနှုန်းတွေ အဆမတန် မြင့်တက်လာနေတဲ့ အခုလိုကာလမှာ တောင်သူတွေအတွက် တွက်ခြေမကိုက်အဆင်မပြေနိုင်ဘူးလို့ ပဲစိုက်တောင်သူတွေက

ပြောပါတယ်။ အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကာလကို လာမယ့်မတ်လကုန်အထိ သက်တမ်းတိုးကြောင်း ကြေညာပြီးနောက် ပဲဈေးတွေ မြင့်တက်ခဲ့ပေမဲ့ အခုပြန်လည်ကျဆင်းလာတာဖြစ်ပါတယ်။

အိန္ဒိယအစိုးရဟာ ၂၀၁၇ ခုနှစ်နောက်ပိုင်းကစတင်ပြီး ပြည်ပကပဲတင်သွင်းမှုကို ခွဲတမ်းစနစ်နဲ့ကန့်သတ်ပြီး တင်သွင်းစေခဲ့ရာကနေ သူ့နိုင်ငံအတွင်း ပဲလိုအပ်ချက်များပြားနေတဲ့ အခြေအနေကြောင့် ခွဲတမ်းစနစ်ကို မနှစ်ကပယ်ဖျက်ပေးလိုက်ပြီး မတ်ပဲနဲ့ ပဲစင်းငုံ အကန့်အသတ်မဲ့ လွတ်လပ်စွာ တင်သွင်းခွင့်ပေးခဲ့ကာ နောက် ၂၀၂၂ မတ်လ ၃၁ ရက်အထိ ထပ်မံသက်တမ်းတိုးခဲ့တာဖြစ်ပါတယ်။ တစ်ဘက်မှာ အရင်အရပ်သားအစိုးရလက်ထက်ကတည်းက ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား GtoG အစီအစဉ်နဲ့ မတ်ပဲနှင့်ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာကို မနှစ်က ဇွန် ၁၈ ရက်မှာ နှစ်နိုင်ငံအစိုးရတွေ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

အဲဒီMOUအရ မြန်မာနိုင်ငံကနေ မတ်ပဲတန်ချိန်နှစ်သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် တစ်သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကနေ စတင်ပြီး ၅ နှစ်တာ နှစ်စဉ် တင်သွင်းခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပဲတင်ပို့သူတွေ အနေနဲ့ MOU အရတင်ပို့မှုအပြင် အိန္ဒိယနိုင်ငံအစိုးရက နှစ်စဉ်ထုတ်ပြန်တဲ့ နိုင်ငံတကာပဲ Quota နဲ့လည်း တင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်။

အခု ၂၀၂၂ ခုနှစ် နှစ်စပိုင်းကစတင်ပြီး ပြည်တွင်းပဲဈေးတွေ အတက်အကျ ကြမ်းလာခဲ့တာဖြစ်ပေမဲ့ မတ်ပဲဈေးအနည်းငယ်သာ ဈေးဆက်ကျနိုင်တယ်လို့ ကုန်သည်တွေကသုံးသပ်ထားကြပြီး ပဲစင်းငုံကိုတော့ ပြည်တွင်းမှာ လက်ကျန်နည်းနေတဲ့အပြင် အိန္ဒိယနိုင်ငံမှာ အထွက်နှုန်းလျော့ကျနိုင်တဲ့ အခြေအနေတွေကြောင့် ဈေးပြန်လည်မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

Ref: Local and India News Sources

Source: Current Contant

## မန္တလေးတိုင်းဒေသကြီး သီးနှံဈေးကွက်တွင် ပစ္စည်းအဝင်နည်းပါးပြီး လက်ကျန်နည်းပါးခြင်းကြောင့် တစ်လအတွင်း ၅၄ ပိဿာဆံ့ ပြောင်းသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့်ဈေးတက်



https://news-eleven.com/article/225419

မန္တလေး ပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် အိတ်စပို့သမားဝယ်ယူမှု၊ အစာစက်ရုံများမှ ဝယ်ယူမှုကြောင့် ဈေးကွက်တွင် ပစ္စည်းအဝင်နည်းပါးပြီး လက်ကျန်နည်းပါးခြင်းကြောင့် တစ်လအတွင်း ၅၄ ပိဿာဆံ့ ပြောင်းသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့် ဈေးတက်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်လပိုင်းက မန္တလေး ပဲ၊ နှမ်း၊ ပြောင်းသီးနှံဈေးကွက်၌ ၅၄ ပိဿာဆံ့ ပြောင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ရှိခဲ့ရာမှ ယခုအခါတွင် ကျပ် ၄၁၀၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ ဈေးမြင့်တက်ခဲ့ခြင်းအကြောင်းမှာ ပြည်တွင်း တိရစ္ဆာန်အစာစပ်စက်ရုံများ၏ အဝယ်လိုက်မှု၊ ရန်ကုန်ဝယ်လက်များမှ အိန္ဒိယသို့တင်ပို့ရန် အဝယ်လိုက်မှုများကြောင့်နှင့် တရုတ်ပြည်သို့တင်ပို့မှုကြောင့် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပြောင်းဖူးစေ့ဈေးက တာဘိုးပြောင်းက ၃၉၀၀၀ ဈေး၊ ရှမ်းစစ်ပီပြောင်းက ၄၀၀၀၀ ကနေ ၄၀၅၀၀ အထိ ဒီနေ့ (ဖေဖော်ဝါရီ ၉ ရက်) အရောင်းအဝယ်ဖြစ်ကြတယ်။ အဓိက,က အိတ်စပို့ဝယ်လက်၊ အစာစက်ရုံတွေက ဆက်တိုက်ဝယ်ပြီးတော့ ဈေးကွက်ထဲ ပစ္စည်းအဝင်ပါးပြီး လက်ကျန်နည်းလို့ ဈေးတက်သွားတာပါ။ အရင်လလောက်က ပြောင်းဈေးက ၃၃၀၀၀ ကနေ ဈေးတက်လာတာပါ။ ပြောင်းဆန်က ထိုင်းဘက်သွားတယ်ဆိုပေမဲ့ ကြားခံတစ်ခုအနေနဲ့ သွားတာပါ။ အဓိကသွားတာက တရုတ်ပြည်ဘက်ကို သွားတာပါ။ မြန်မာနယ်စပ်ကနေမသွားဘဲနဲ့ ထိုင်းနယ်စပ်ကနေ တရုတ်ဘက်ပြန်ဝင်တာပါ။ ပြောင်းကို သွားနေတာက မြဝတီဘက် သွားတာများတယ်။ ရန်ကုန်ဘက်ကနေ သင်္ဘောနဲ့တင်တာလည်းများပါတယ်။ ပြောင်းဖူးစေ့ဈေးက တစ်လအတွင်း သုံးတင်းတစ်အိတ်ကို ၅၀၀၀ လောက် ဈေးတက်သွားတယ်။ ကျန်တဲ့ပဲဈေးနှုန်းတွေက ပြောင်းအုပ်စုက အထွက်တိုးပြောင်း အနီက ၃၅၀၀၀ ဈေး၊ ဆန်ပြောင်းဈေး ၃၆၀၀၀ ဈေး ရှိတယ်။ သူတို့လည်း တိရစ္ဆာန်အစားအစာအတွက် ဈေးကောင်းရနေတယ်။

သူတို့လည်း တစ်အိတ်ကို ကျပ် ၅၀၀၀ လောက်ဈေးတက်တယ်။ ကုလားပဲအုပ်စုဝင် ပဲတွေ ဈေးကျတယ်။ V2 ကုလားပဲဆို ဒီနေ့မနက်အစောပိုင်းဈေးက ၁၁၀၀၀၀ ဈေး၊ အခုနေ့လယ် ၁၀၈၀၀၀ ဖြစ်သွားတယ်။ ထိုင်ဝမ်ကုလားပဲ ၁၀၅၀၀၀ ဈေး၊ ၉၂၉ ကုလားပဲ ၁၀၅၀၀၀ ဈေးရှိပြီး အရောင်းအဝယ်ဖြစ်ကြတယ်။ နောက်ပြီး ပဲစင်းငုံ ၁၂၀၀၀၀ ဈေး၊ မတ်ပဲ ၁၁၂၀၀၀ ဈေးရှိပြီး ရန်ကုန်ဝယ်လက် ဆက်တိုက်ဝယ်ယူနေပါတယ်။ ကုလားပဲအုပ်စုက လောလောဆယ် ပြည်တွင်းပဲခွဲစက်သမားတွေ ဝယ်နေတာပါ။ အိတ်စပို့သမား မဝယ်သေးဘူး။ ပဲဈေးနှုန်းတွေက အကြမ်းဖျင်းပြောရရင် ဈေးကျတယ်လို့ပြောရမယ်။ ပဲယင်းဈေး ၈၅၀၀၀ ကနေ ၉၀၀၀၀ ဈေး၊ မြေထောက်ပဲ ၁၂၅၀၀၀ ကနေ ၁၃၅၀၀၀ ကြား၊ နိုင်လွန်ပဲ ၁၄၀၀၀၀ ဈေးရှိပါတယ်" ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။ မြန်မာနိုင်ငံတွင် ပြောင်းသီးနှံကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ် (တောင်/မြောက်)၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် တို့တွင် အဓိကစိုက်ပျိုးကြောင်းၡင်းက ဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/225419

## တရုတ်နိုင်ငံနယ်စပ်၌ ကုန်တင်ကားများ ကြန့်ကြာနေခြင်းကြောင့် ဟောင်ကောင်တွင် ဟင်းသီးဟင်းရွက်ဈေးနှုန်းများမြင့်တက်

တရုတ်နယ်စပ်တွင် ယာဉ်မောင်း ၂ ဦး ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း တွေ့ရှိပြီးနောက် ရာနှင့်ချီသော ကုန်တင်ကားများ နယ်စပ်တွင်ပိတ်မိနေခဲ့ကာ ဟောင်ကောင်တွင် ဟင်းသီးဟင်းရွက်ဈေးများ မြင့်တက်သွားသည်။ နယ်စပ်ဖြတ်ကျော်ကုန်တင်ယာဉ်မောင်း ၆၀ ကျော်ကို တရုတ်ပြည်မကြီးနှင့်ဟောင်ကောင်နယ်စပ်ရှိ သီးသန့်ခွဲထားသည့် ဟိုတယ်တစ်ခုတွင် ဖေဖော်ဝါရီ ၆ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ပျောက်ကင်းသည်အထိ ထွက်ခွာခွင့် တားမြစ်ထားကြောင်း Hong Kong Free Press က ဖော်ပြသည်။ ယင်းကဲ့သို့ တွေ့ရှိခြင်းကြောင့် မနခနတို နယ်စပ်ထိန်းချုပ်ရေးဂိတ်ကို ပြီးခဲ့သည့်သီတင်းပတ်ကုန်က ၂ ကြိမ်ပိတ်ခဲ့ရပြီး ကုန်စည်များလည်း နှောင့်နှေးခဲ့ရသည်။

ဖေဖော်ဝါရီ ၇ရက် နံနက်တွင် ထရပ်ကားအစီးရေ ၇၀ မှ ၈၀ ကြား ဟောင်ကောင်သို့ ဝင်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်း ဟောင်ကောင်မှတင်သွင်းသော ဟင်းသီးဟင်းရွက် လက်ကားရောင်းချသူများအသင်းဥက္ကဋ္ဌ ယန်ချန်ကပြောကြားသည်။ ဟင်းသီးဟင်းရွက်ဈေးရောင်းချသူများတွင် ပစ္စည်းမလုံလောက်ခြင်းကြောင့် စားသုံးသူများသည် ဖေဖော်ဝါရီ ၇ ရက်တွင် ဟင်းသီးဟင်းရွက်အမျိုးမျိုးအတွက် ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းအထိ ပိုပေးရကြောင်း ယန်ကဆိုသည်။

**Source:** https://mizzimaburmese.com/article

## ကမ္ဘာ့ပထမဆုံး ကိုဗစ်ကုသဆေး(သောက်ဆေး) မြန်မာနိုင်ငံတွင် ထုတ်လုပ်အောင်မြင်



http://sdtimedaily.com/

မြန်မာနိုင်ငံသားပိုင် Pacific Medical Industries Ltd ဆေးဝါးစက်ရုံမှ ကိုဗစ်ကုသဆေး (သောက်ဆေး)ကို "MOLNUPAC 200"အမည်ဖြင့် ထုတ်လုပ်အောင်မြင်ခဲ့ကြောင်း AA Medical Product Ltd က သတင်းထုတ်ပြန်ထားသည်။

Molnupiravir ဆေးအား MOLNUPAC 200 အမည်ဖြင့် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာန Myanmar FDA မှ ထောက်ခံစာအမှတ် (2302ND002) ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Pacific Medical Industries Ltd မှ ထုတ်လုပ်လိုက်သော MOLNUPAC 200 နှင့် MOLNUPAC 400 ဆေးတွင် Molnupiravir 200 mg နှင့် 400 mg ဟူ၍ strength နှစ်မျိုးရှိပြီး Anti-viral ဟုခေါ်သော ဗိုင်းရပ်စ်ပိုးသတ်ဆေး အုပ်စုဝင်သောက်ဆေးအမျိုးအစားဖြစ်ကြောင်းသိရသည်။

အဆိုပါ Molnupiravir ဆေးအား ယခုအခါ ဗြိတိန်နှင့် အမေရိကန်၊ ဒိန်းမတ်အစရှိသည့် အနောက်နိုင်ငံများသာမက တောင်ကိုရီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံစသည့်

အရှေ့နိုင်ငံများတို့တွင်ပါ ကိုဗစ်ကုသဆေးဝါး(သောက်ဆေး) အဖြစ်အသုံးပြုနေကြပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Molnupiravir သောက်ဆေးအား UK MHRA မှ COVID-19 ရောဂါကုသမှုအတွက် ကမ္ဘာ့ပထမဆုံး ကုသဆေး (သောက်ဆေး) အဖြစ် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်တွင်ခွင့်ပြုပေးခဲ့ပြီး U.S Food and Drug Administration (US FDA) မှလည်း လူကြီးများတွင် သာမန်မှအလယ်အလတ်အဆင့် COVID-19 ရောဂါကုသမှုအတွက် Emergency Use Authorization (EUA) အဖြစ် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးကို ဆရာဝန်ဆေးညွှန်းစာဖြင့် AA Medical Products Ltd ၏ဆိုင်များတွင် လူနာတစ်ဦးစီအတွက် one course (MOLNUPAC 200 mg အလုံး ၄၀) စာအတွက် ၃၉,၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း AA Medical Products Ltd ကထုတ်ပြန်ထားသည်။

**Source:** http://sdtimedaily.com/

## ဂျာမနီနိုင်ငံ စီးပွားရေးသံမှူးမှ Commodity Association of Hamburg Stock Exchange နှင့် တွေ့ဆုံဆွေးနွေးခြင်း

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ Federation of German Whole sale, Foreign trade and Services (BGA) ၏ မိတ်ဆက်ပေးမှုအရ ဟမ်းဘတ်မြို့အခြေစိုက် Commodity Association of Hamburg Stock Exchange (Waren-Verein der Hamburger Börse e.V) မှ မန်နေးဂျင်းဒါရိုက်တာ Ms.Jeanette Gonnermann နှင့် ၇.၂.၂၀၂၂ ရက်နေ့တွင် Zoom အွန်လိုင်းအစည်းအဝေးပြုလုပ်၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ Waren-Verein မှ Food Law Specialist ဖြစ်သူ Ms.Ute Thote လည်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

စီးပွားရေးသံမှူးက Waren-Verein ၏ ဝက်ဘ်ဆိုက်အချက်အလက်များကို လေ့လာမှုများအရ အဓိကထား ဆောင်ရွက်နေသော ကုန်ပစ္စည်းအမယ်များဖြစ်သည့် အေးခဲနှင့်အခြောက်ခံသစ်သီးဝလံဟင်းသီးဟင်းရွက်များ၊ အစေ့အဆံများ၊ ရေထွက်ကုန်များ၊ အော်ဂဲနစ်ထုတ်ကုန်များစသည်တို့သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသော အမယ်များတွင်ပါဝင်ကြောင်း၊ ဟမ်းဘတ်မြို့ရှိ ဂျာမန် ကုမ္ပဏီအချို့နှင့် ချိတ်ဆက်မှုရှိထားကြောင်း၊ အီးယူဈေးကွက်ရရှိရေးကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ ဖြစ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် Waren-Verein အကြား တွေ့ဆုံဆွေးနွေး၍ ကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ နှစ်ဘက်သဘောတူညီချက်တစ်ခုရယူနိုင်ပြီး Win- Win Situation ဖြစ်နိုင်မည့်ပုံစံမျိုး စတင်ဆောင်ရွက်လိုပါကြောင်းဆွေးနွေးပြီး နှစ်နိုင်ငံလက်ရှိ ကုန်သွယ်မှုအခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များ အကြောင်းကို Presentation အကျဉ်းချုပ် ပြုလုပ်ရှင်းလင်းပါသည်။

Ms.Jeanette Gonnermann က Waren-Verein သည် ဦးတည်ဆောင်ရွက်သည့် ကဏ္ဍများဆိုင်ရာ သတင်းအချက်အလက်များကို အဖွဲ့ဝင်များအတွက် ပုံမှန်ပေးပို့ခြင်း၊ အစိုးရမူဝါဒချမှတ်မှုများကို အတည်မပြုမီ မူကြမ်းအဆင့်တွင် အကြံပြုသုံးသပ်ချက်ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်များ၊ရောင်းသူ ဝယ်သူများအကြား အငြင်းပွားမှုများဖြစ်ပေါ်လာပါက ခုံရုံးအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊အီးယူဒေသတွင်းဥပဒေစည်းမျဉ်းအသစ်ရေးဆွဲပြဋ္ဌာန်းမှုများသိရှိစေရန် အကြောင်းကြားခြင်း၊ ထုတ်ကုန်အမယ်အလိုက် ဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်များအတွက် အီးယူကော်မရှင်၏ ထုတ်ပြန် ကြေငြာချက်များ ဖြန့်ဝေပေးခြင်း၊ ထုတ်ကုန်အရည် အသွေးပိုင်းလိုအပ်ချက်များ လုံခြုံစိတ်ချမှုပိုင်းများအတွက် အကြံပြုချက်များ သင်တန်းနှင့် ဆွေးနွေးပွဲများ ပံ့ပိုးပြုလုပ်ပေးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးနှင့် စားသောက်ကုန်များအကြောင်း လေ့လာသိရှိရပါကြောင်း၊ မိမိတို့အသင်းမှ ပံ့ပိုးဆောင်ရွက်နေသည့် အမယ်များနှင့်ကိုက်ညီသည့် သရက်သီးအနှစ်နှင့်သရက်သီးခြောက်၊ အေးခဲနှင့်အခြောက်ခံ သစ်သီးဝလံဟင်းသီးဟင်းရွက်များ၊ ပျားရည်၊ သီဟိုစေ့၊ မက်ကဒေးမီးယားတို့မှာ စိတ်ဝင်စားဖွယ်ဖြစ်ကြောင်း၊ ထုတ်ကုန်များအကြောင်း အီးမေးဖြင့်ထပ်မံပေးပို့ပေးစေလိုပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ဆက်သွယ်မှုအတွက် နှစ်ဦးနှစ်ဘက်အကြား letter of content ပုံစံဖြင့် သဘောတူညီမှု ရယူဆောင်ရွက်ကြသည်မျိုးရှိကြောင်း ဆွေးနွေးပါသည်။

ဆက်လက်၍ အသင်းအနေဖြင့် အဖွဲ့ဝင်ပေါင်း (၁၃၇)ဦး ရှိပြီး ပုံမှန်အဖွဲ့ဝင်ကုမ္ပဏီများနှင့် Law Firm, Consultancy service, Lab, Embassy စသည့် ပြင်ပအဖွဲ့အစည်းများပါဝင်သည့် တွဲဘက် အဖွဲ့ဝင်ဟူ၍ အမျိုးအစား(၂)မျိုး ရှိကြောင်း၊ ဥပမာ-အာဂျင်တီးနားက Ambassador for nuts ခန့်အပ်၍အဖွဲ့ဝင်ကြေးပေးသွင်းဆောင်ရွက်ခြင်းမျိုးရှိကြောင်း၊ မြန်မာသံရုံးအနေနှင့် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကမ်းလှမ်းလိုပါကြောင်း၊ နှစ်စဉ်ကြေး ယူရို (၁၀၀၀)သာ ကျသင့်ပါကြောင်း၊ မိမိတို့ အဖွဲ့ဝင်များသည် နိုင်ငံသစ်များမှ ထုတ်ကုန်သစ်များကို ရှာဖွေမျှော်လင့်နေကြပြီး တစ်ဖက်တွင်လည်း ဈေးကွက်ဝင်ရောက်နိုင်ရန် သတ်မှတ်ချက်များ ကိုက်ညီရန်လိုအပ်ကြောင်း၊ မြန်မာထုတ်ကုန်များအတွက် ဈေးကွက်ဆိုင်ရာထိရောက်သည့် သတင်းအချက်အလက်များ အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ကြောင်း၊ Waren-Verein က အဖွဲ့ဝင်များအတွက် ကုန်ပစ္စည်းအမယ်လိုက် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုအသေးစိတ်အချက်အလက်များ၊ sector working group များအလိုက် အချက်အလက်များပံ့ပိုးခြင်း၊ ကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲများ၊ ကွန်ဖရင့်များကျင်းပခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးခြင်း၊ အဖွဲ့ဝင်များသာ ဝင်ရောက်ခွင့်ရှိသည့် ဝက်ဘ်ဆိုက်စာမျက်နှာများတွင် လေ့လာသတင်းရယူနိုင်ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း၊ နှစ်ဘက်အကြား ဖြစ်နိုင်ချေရှိသည့် ပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်လက်ဆက်သွယ်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ဆွေးနွေးပွဲပြီးနောက် Waren-Verein က အဖွဲ့ဝင်များအတွက် ဝန်ဆောင်မှုအသေးစိတ် အချက်အလက်များကို အီးမေးပေးပို့ထားပါသည်။ Waren-Verein တွင် The Honey Association၊ European Federation of Honey Packers and Distributors(FEEDM)၊ The German Seafood Association တို့သည် Affiliated Association များအနေဖြင့်လည်းကောင်း၊ Edeka, Aldi, Rewe စသည့် စူပါမားကက်များ၊ ဘဏ်များ၊ အရည်အသွေးစစ်ဆေးမှု ဝန်ဆောင်မှုလုပ်ငန်းများမှာလည်း အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ထားရှိပြီး အဖွဲ့ဝင်များအတွက် လိုအပ်သည့် ဈေးကွက်ပိုင်း၊ အရည်အသွေးပိုင်း၊ ကုန်သွယ်မှုသတင်းအချက်အလက်များကို အသေးစိတ်ထိရောက်စွာ ပံ့ပိုးပေးနေပါသည်။ Waren-Verein ၏ အချက်အလက်များကို https://www.waren-verein.de/ တွင် လေ့လာနိုင်ပါသည်။ မြန်မာဘက်မှအသင်းအဖွဲ့များ၊ ကုမ္ပဏီများအနေဖြင့်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ပါက လိုအပ်သည့်ကွန်ယက်ချိတ်ဆက်ဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များရရှိနိုင်ပြီး ဈေးကွက်ဝင်ရောက်နိုင်ရေး အထောက်အပံ့ကောင်းများ ရရှိနိုင်ပါကြောင်း၊ မြန်မာသံရုံးအနေဖြင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ပါက မြန်မာထုတ်ကုန်များအတွက် ချိတ်ဆက်ဆောင်ရွက်ပေးမှုများပိုမိုထိရောက်စွာ ပြုလုပ်ပေးနိုင်မည်ဖြစ်၍ လေ့လာစဉ်းစားရန် သင့်တော်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: သီတာဝင်းငွေ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

## အမေရိကန်နိုင်ငံတွင် စီးပွားရေးပြန်လည် ဦးမော့လာသည့်အတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကုန်သွယ်ရေးလိုငွေပြမှု စံချိန်တင်မြင့်တက်ခဲ့

အမေရိကန်နိုင်ငံတွင် နိုင်ငံရပ်ခြားမှ တင်သွင်းသည့်ကုန်စည်များ ဝယ်ယူသုံးစွဲမှုဆက်လက် မြင့်တက်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် စံချိန်တင်မြင့်မားခဲ့ကြောင်း၊ ပို့ကုန်နှင့်သွင်းကုန်အကြား ကွာဟချက်သည် အမေရိကန်ဒေါ်လာ ၈၀.၇ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၈ ရာခိုင်နှုန်းကွာဟခဲ့ကြောင်း၊ ယင်းသည် စက်တင်ဘာလ ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၈၀.၈ ဘီလီယံအောက် အနည်းငယ်သာ လျော့နည်း ခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ တစ်နှစ်ပတ်လုံး ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၈၅၉.၁ ဘီလီယံထိ ရှိခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သည့် ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၇၆၃.၅၃ ဘီလီယံထက်ပိုများခဲ့ပြီး ရာခိုင်နှုန်း အားဖြင့် ၂၇ ရာခိုင်နှုန်းများပြားခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဌာနက ၈-၂-၂၀၂၂ ရက်နေ့တွင်ထုတ်ပြန်ခဲ့ကြောင်း ၈-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

ကုန်သွယ်ရေးလိုငွေပြမှု သိသိသာသာမြင့်တက်လာခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကပ်ရောဂါကြောင့် ကျဆင်းခဲ့သည့် အမေရိကန်နိုင်ငံ၏ စီးပွားရေးပြန်လာဦးမော့လာသည့်အတွက်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများအနေနှင့် ပြည်ပမှတင်သွင်းသည့် ကွန်ပျူတာများ၊ ဂိမ်းစက်များနှင့် ပရိဘောဂများအပေါ် ဝယ်ယူ၊ သုံးစွဲမှုများပြားခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ကျဆင်းခဲ့စဉ် အစိုးရ၏ကိုဗစ်အထောက်အပံ့များဖြင့် သွင်းကုန်ပစ္စည်းများအပေါ် ဝယ်ယူသုံးစွဲမှု များပြား

ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများမှ မတည်ကုန်စည်များ၊ စွမ်းအင်ဈေးနှုန်းများနှင့် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းသည်လည်း သွင်းကုန်တန်ဖိုးကို ပိုမိုမြင့်တက်စေခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် ၅.၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်စဉ်ပျှမ်းမျှတိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းထက်ပိုမိုခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် သွင်းကုန်အမေရိကန်ဒေါ်လာ ၃၀၈.၉ ဘီလီယံထိ၊ ၁.၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ပို့ကုန်အမေရိကန်ဒေါ်လာ ၂၂၈.၁ ဘီလီယံထိ၊ ၁.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဒီဇင်ဘာလအတွင်း ပို့ကုန်ရော သွင်းကုန်ပါ မြင့်တက်ခဲ့ခြင်းသည် ကမ္ဘာ့ရောင်းလိုအားကွင်းဆက်အခက်အခဲများလျော့နည်းလာခြင်းကို ပြသခြင်းဖြစ်သည်ဟု အကြီးတမ်းစီးပွားရေးသုတေသီ Mr. Andrew Hunter ကပြောကြားခဲ့ကြောင်း ဖော်ပြထား ပါသည်။

**Source:** https://www.wsj.com/articles/economic-recovery-pushes-2021-u-s-trade-deficit-to-record-level-11644328979

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## အိန္ဒိယနိုင်ငံ၏ ၂၀၂၁-၂၂ ဘဏ္ဍာနှစ် ဂျီဒီပီတိုးတက်နှုန်းအား IMF က ၉ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်း

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ၃၁-၃-၂၀၂၂ နေ့တွင် ကုန်ဆုံးမည့် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းအား ပြီးခဲ့သည့် အောက်တိုဘာလ၌ ၉.၅% ခန့်မှန်းထားရှိရာမှ စီးပွားရေးလုပ်ဆောင်မှုများနှင့် ဆက်သွယ်သွားလာမှုများအပေါ် ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲအသစ် ကူးစက်ပြန့်ပွားမှု၏ သက်ရောက်မှုအရ ယခုအခါ ၉% သို့ လျှော့ချခဲ့ပါသည်။

IMF ၏ ယခုခန့်မှန်းချက်မှာ အိန္ဒိယနိုင်ငံ၏ ၂၀၂၁-၂၂ ခုနှစ် ဂျီဒီပီတိုးတက်နှုန်းအား ခန့်မှန်းထားကြသည့် အိန္ဒိယဗဟိုစာရင်းအင်းဌာန (၉.၂%)၊ အိန္ဒိယဗဟိုဘဏ် (၉.၅%)၊ S&P Global Ratings (၉.၅%) နှင့် Moody's Corporation (၉.၃%) တို့၏ ခန့်မှန်းချက်များအောက်သို့ နိမ့်ကျ လျက်ရှိပြီး ကမ္ဘာ့ဘဏ်နှင့် Fitch Ratings တို့ ခန့်မှန်းချက်များဖြစ်သော ၈.၃% နှင့် ၈.၄% တို့ ထက် ပိုမိုလျက်ရှိသည်။

ထို့အပြင် ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ်အတွက် အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုမှာ ၇.၁% ခန့် ရရှိနိုင်ဖွယ်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် အိန္ဒိယ၏ စီးပွားရေးအလားအလာမှာ ဘဏ်ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှု၊ စားသုံးမှုနှင့်ဘဏ္ဍာရေးကဏ္ဍ၌ မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်စွမ်းအား ထူထောင်မှုတို့တွင် တိုးတက်ကောင်းမွန်မှုအပေါ် အမှတ်သညာပြုလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်၌ ၅.၉ ရှိရာမှ ၂၀၂၂ ခုနှစ်၌ ၄.၄% ခန့် အတန်အသင့် တိုးတက်ဖွယ်ရှိကြောင်းဖြင့် ၂၅-၁-၂၀၂၂ နေ့၌ ကမ္ဘာ့စီးပွားရေး ရှေ့အလားအလာ ခန့်မှန်းချက်အစီရင်ခံစာကို ထုတ်ပြန်ရာတွင် IMF က ဖော်ပြပါသည်။

၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ အနှုတ် ၇.၃% ဖြင့် ကျုံ့ဝင်ကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။

Source: IMF cuts India's GDP forecast to 9 per cent in FY22, 25-1-2022, Economic Times

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် မူဝါဒပြောင်းလဲချမှတ်ခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား ၃၁-၃-၂၀၂၂ နေ့အထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုလျက် ၎င်းနေ့ရက်မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယ ဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှု လုပ်ငန်းများ ကို ၃၀-၆-၂၀၂၂ နေ့ အထိ ဆောင်ရွက် ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၀-၁၂-၂၀၂၁ နေ့၌ ကြေညာချက်ထုတ်ပြန်ထားခဲ့ပါသည်။

ယခုအခါ ၁၉၉၂ ခုနှစ် နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့်ကြီးကြပ်ရေး အက်ဥပဒေအရအပ်နှင်းထားသည့် အခွင့်အာဏာ

ကို ကျင့်သုံးလျက် HS Code 07133190 အောက်ရှိ ပဲတီစိမ်း (Moong [Beans of the SPP Vigna Radiata (L.) Wilczek]) တင်သွင်းခွင့်အား လွတ်လပ်စွာတင်သွင်းကုန်အဖြစ်မှ ကန့်သတ် တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင် သတ်မှတ်လိုက်ကြောင်းနှင့် ကြေညာချက်ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်းဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 624(E) ကို ၁၁-၂-၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ၉-၆-၂၀၂၁ နေ့တွင် ၂၀၂၁-၂၂ သီးနှံရာသီနှစ်၌ စိုက်ပျိုးထွက်ရှိသည့် ပဲတီစိမ်းများ ရောင်းဝယ်မှုအတွက် အစိုးရက အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံရည်ညွှန်း ဈေးနှုန်းကို ကုန်ချိန် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီးငွေ ၇၂၇၅/- နှုန်း သတ်မှတ်ခဲ့သည်။ သို့ရာတွင် Commodity Insights မှ ဖော်ပြသည့် ကိန်းဂဏန်းများအရ ရာဂျပ်စတန်ပြည်နယ်၌ ၁၂-၁-၂၀၂၂ နေ့တွင် ဖြစ်ပေါ်သော ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံး ဈေးနှုန်း ရူပီးငွေ ၆၉၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၂၁၀၀/- ရှိကြောင်း၊ အိန္ဒိယအစိုးရက တင်သွင်းခွင့် ကန့်သတ်သည့်အမိန့်အား ထုတ်ပြန်ခဲ့ပြီးနောက် ၁၂-၂-၂၀၂၂ နေ့၌ ၎င်းပြည်နယ်တွင် ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံးဈေးနှုန်း ရူပီးငွေ ၇၀၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၅၃၀၀/- ရှိပြီး စံပျမ်းမျှဈေးနှုန်းသည် ရူပီး ၆၂၀၀/- ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဒီဇင်ဘာလအထိ ပဲတီစိမ်း (HS Code 07133190) ကုန်ချိန် ၁၅၃၅၂၃ တန်အား တင်သွင်းထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူ၌ ပဲတီစိမ်းတင်သွင်းမှု ၂၇၇၇၈ တန်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုမှာ ၄၅၂.၆၈% ရှိပါသည်။ အဆိုပါကာလအတွင်း အိန္ဒိယ၏ ပဲတီစိမ်းတင်သွင်းမှု အများဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ မိုဇမ်ဘစ် (တန်ချိန် ၅၉၄၀၀ ကျော်)၊ တန်ဇန်နီးယား (တန်ချိန် ၃၁၆၀၀ ကျော်) နှင့် ဘရာဇီး (တန်ချိန် ၁၄၃၀၀ ကျော်) တို့ဖြစ်ကြောင်း၊ နဝမမြောက်နေရာတွင်ရှိသော မြန်မာနိုင်ငံထံမှ ပဲတီစိမ်းကုန်ချိန် ၄၀၂၃ တန်အား တင်သွင်းထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြည်ပမှတင်သွင်းမှုပမာဏ များပြားလာသည်နှင့်အမျှ ပြည်တွင်း၌ ဈေးနှုန်းများကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ပဲတီစိမ်းအား အခြေခံဈေးနှုန်း (MSP) အောက်၌သာ ရောင်းဝယ်မှုရှိခြင်းက အိန္ဒိယအစိုးရအတွက် ပြည်တွင်းလုပ်ငန်းရှင်များအား အကာအကွယ်ပေးနိုင်ရေး သွင်းကုန်မူဝါဒကို ပြောင်းလဲရန် စေ့ဆော်မှုဖြစ်ပေါ်စေသည်ဟု သုံးသပ်ရပါသည်။

ယခုကဲ့သို့ အိန္ဒိယအစိုးရ၏ မူဝါဒပြောင်းလဲမှုအပေါ် India Pulses and Grains Association မှ ဒုတိယဥက္ကဋ္ဌ Mr. Bimal Kothari ၏ ပြောဆိုမှုအရ အိန္ဒိယ ပဲတင်သွင်းသူများသည် ပြည်ပကုန်သွယ်ဘက်များနှင့် ပဲတီစိမ်းဝယ်ယူမှု စာချုပ်များအား ချုပ်ဆိုထားရှိပြီး အိန္ဒိယသို့သယ်ယူပို့ဆောင်ဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ဆဲအခြေအနေ၌ရှိသော ပဲတီစိမ်းများကို တင်သွင်းခွင့်မပြုပါက အိန္ဒိယကုမ္ပဏီများအတွက် ငွေကြေးပိုင်းနစ်နာဆုံးရှုံးမှုများကြုံတွေ့ရမည်ဖြစ်သကဲ့သို့ ဈေးကွက်တွင်လည်း ကစဉ့်ကလျားဖြင့် ပုံပျက်ယွင်းမှု ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် ယခုထုတ်ပြန်ခဲ့သော အမိန့်အား ပြန်လည်ရုပ်သိမ်းလျက် ဘဏ္ဍာနှစ်ကုန်အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုရန် ၎င်းတို့အသင်းမှ တောင်းဆိုထားကြောင်း သိရှိရပါသည်။

Source:
1. Notification No: S.O. 624(E) dated 11th February 2022 of the Department of Commerce of India
2. Centre restricts import of moong beans, 13-2-2022, The Hindu Business Line
3. www.commodityinsightsx.com
4. Trade Statistics of the Department of Commerce of India

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 3,172 | 26,010,400 | 33,109,694 | 271,499 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,900 | 2,378 | 6,915,100 | 38,929,150 | 114,841 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,700 | 2,700 | 2,600 | 496 | 1,289,700 | 12,823,224 | 33,340 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

## Market summary

As of 10th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.20 | +1.12 | +0.30% | 380.20 | 380.94 | 379.08 | 6,046 | 34,215,200 | 7 | 661,399 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 10th Feb. 2022

| MYANPIX | 380.20 ▲ 1.12 |
|---|---|
| Total Volume (shares) | 6,046 |
| Total Value (MMK) | 34 mil |
| Listed Company | 7 |
| Market Cap. (MMK) | 661,399 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |